# CCCM
# JIPS

CCCM CLUSTER

Funded by
European Union
Humanitarian Aid

၂၀၁၆ နိုဝင်ဘာလ နောက်ဆုံးအပတ်မှစ၍ စခန်းပူးပေါင်းဆောင်ရွက်မှုနှင့် စခန်းစီမံခန့်ခွဲမှု အဖွဲ့များဖြစ်ကြသည့် (DRC, LWF, NRC နှင့် UNHCR) တို့မှ စစ်တွေကျေးလက်စခန်းများရှိ လူများကို လူသားချင်း စာနာမှုဆိုင်ရာ စာရင်းအချက်အလက်ကောက်ယူမှုတစ်ခု ပြုလုပ်သွားမည်ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ စခန်းရှိလူများ၏ နေထိုင်မှုအခြေအနေနဲ့ ပတ်သတ်၍ သေချာသော စာရင်းအချက်အလက်များ ကောက်ယူပြုစုရန်ဖြစ်သည်။ ဤစာရင်းကောက်ယူမှုသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး လုပ်ဆောင်နေကြသည့် အဖွဲ့အစည်းများအတွက် အနာဂတ်တွင် အကူအညီလိုအပ်သူများ၏ လိုအပ်ချက်များကို ပိုမိုထိရောက်စွာ တုံ့ပြန်လုပ်ဆောင်ပေးနိုင်ရန်အတွက် ဖြစ်ပါသည်။ ဤစာရင်းကောက်ယူမှုသည် ၂၀၁၆ နိုဝင်ဘာလနှောင်းပိုင်းတွင် စတင်မည်ဖြစ်ပြီး ၂၀၁၇ ဇန်နဝါရီလ - လလယ်တွင် ပြီးဆုံးမည်ဖြစ်ပါသည်။

စာရင်းကောက်ယူမှုကို မည်သို့ ပြုလုပ်မည်နည်း။

အဆင့် - ၁။ အိမ်တိုင်းရှိ အိမ်သားအရေအတွက်၊ မူရင်းနေရပ်နှင့် အခြားအခြေခံလူဦးရေဆိုင်ရာ မေးခွန်းအချို့ကို မေးမြန်းမည်ဖြစ်သည်။

အဆင့် - ၂။ အိမ်များကို အလျဉ်းသင့်သလိုရွေးချယ်ကာ နေထိုင်မှုအခြေအနေများနှင့် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များအကြောင်းပါဝင်သည့် ပိုမိုပြည့်စုံသောမေးခွန်းစဉ်တစ်ခုကို မေးမြန်းမည်ဖြစ်သည်။

အဆင့် - ၃။ စခန်းတစ်ခုစီတွင် ဦးတည်အုပ်စုဖွဲ့ဆွေးနွေးမှုများလည်း ပြုလုပ်မည်ဖြစ်သည်။

စာရင်းကောက်ယူခြင်းကို စစ်တွေကျေးလက်စခန်းများတွင် သာမက အနီးအနားမှ ရွာများတွင်လည်း ပြုလုပ်မည် ဖြစ်သည်။ မေးခွန်းများကို အိမ်ထောင်ဦးစီးမှ ဖြေကြားသင့်ပြီး အိမ်ထောင်ဦးစီးက အိမ်တွင် မရှိမှသာ အရွယ်ရောက်ပြီးသော နောက်မိသားစုဝင်တစ်ဦးဦးက မေးခွန်းများကို ဖြေဆိုနိုင်သည်။

မေးခွန်းများကို ဖြေဆိုသော အိမ်များသည် ဆုကြေးအဖြစ် မည်သည့်ငွေကြေး သို့မဟုတ် မည်သည့် ပစ္စည်းအထောက်အပံ့ကိုမှ ရမည်မဟုတ်ပေ။ ရရှိသော သတင်းအချက်အလက်များသည် ပုဂ္ဂိုလ်ရေးအချက် အလက်များမပါရှိဘဲ လုံးဝထိန်းသိမ်းထားမည်ဖြစ်ပြီး ဖြေဆိုသူတစ်ဦးချင်းစီ၏ အမည်များကို မှတ်သားထားမည် မဟုတ်ပေ။

စာရင်းကောက်ယူနေစဉ်နှင့် ကောက်ယူပြီးအချိန်တို့တွင် သိလိုသည့်မေးခွန်းများ၊ တိုင်ကြားလိုသည်များ ရှိပါက သင်၏ စခန်းအတွင်းမှ စခန်းစီမံခန့်ခွဲမှုဝန်ထမ်းများကို ဆက်သွယ်ပါ။

